# မိဘများ၊ဆရာမများသို့ ကျွန်မ ပြောပြချင်တဲ့ စာအုပ်ကလေးအကြောင်း

ကလေးတို့ စာဖတ်ဖို့ အတွက် စာဖတ်အဆင့်စာအုပ်လေးတွေ ရေးလာခဲ့တာ ဒီစာအုပ်နဲ့ဆို လေးအုပ်မြောက် ဖြစ်လာခဲ့ပါပြီ။ စာဖတ်အဆင့်လို့ ဆိုတဲ့ အတိုင်း ကလေးတွေ ဗျည်းနဲ့ သရ ပေါင်းပြီးတော့ စာလုံးပေါင်းဖတ်တဲ့ အချိန်မှာ စာကို တစ်ဆင့်ချင်း ဖတ်နိုင်ဖို့ ဆိုတဲ့ အရာဟာ ကလေးတွေရဲ့ စာဖတ်မှု အဆင့်မှာ အရေးသိပ်ကြီးတဲ့ အရာပဲ ဖြစ်ပါတယ်။

ကလေးတွေ စာဖတ်တဲ့ အခါမှာ စာဖတ်တယ် ဆိုတာ ဘယ်ကနေ ညာကို ပေါင်းပြီး ဖတ်သွားရတယ် ဆိုတာကို သိဖို့၊ ဗျည်းနဲ့ သရ ပေါင်းပြီး ထွက်လိုက်တဲ့ အသံဟာ ဘာကို ဆိုလိုတယ် ဆိုတာ သိဖို့ ( ဥပမာ- သဝေထိုး ရကောက်ရေ ရေ ဆိုတာ သောက်တဲ့ ရေ၊ ရေချိုးတဲ့ ရေ၊ ပန်းကန်ဆေးတဲ့ ရေကို ဆိုလိုတယ် ဆိုတာကို သိဖို့ ) လိုပါတယ်။ အဲဒီ ရေကို ရေလို့ ပေါင်းပြီး အသံထွက် ဖတ်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း ကလေးရဲ့ စိတ်မျက်စိထဲမှာ ရေဟာ ထင်ထင်ရှားရှား သိလာရပါမယ်။ ဪ … သဝေထိုး ရကောက်ရေ ရေ ဆိုတာ ရေကို ပြောတာပါလားလို့ သိသွားရမှာမျိုးပါ။ ဒါမှ စာကို သေချာဖတ်တတ်တယ်လို့ ဆိုလို့ ရပါတယ်။

ကျွန်မတို့ မြန်မာစကားမှာ စာလုံးပေါင်းလေး မှားသွားတာနဲ့ အဓိပ္ပာယ်ကို ပြောင်းသွားစေပါတယ်။ သေ နဲ့ သေး ဆိုပါတော့ ဝစ္စနှစ်လုံးပေါက်လေး ကျန်ခဲ့တာနဲ့ ငါးအသေးလေးဟာ ငါးအသေလေး ဖြစ်သွားတော့တာပါပဲ။ ကလေးဟာ စာဖတ်ရင်းနဲ့ ဝစ္စနှစ်လုံးပေါက်ဟာ အရေးကြီးတယ် ဆိုတာကို သိသွားစေဖို့ လိုပါတယ်။

ကျွန်မဟာ စာဖတ်အဆင့် စာအုပ်လေးတွေကို ရေးသားတဲ့ အချိန်မှာ အဲဒီလို အရာတွေကို ကလေးတွေ သတိထားမိစေဖို့ အတွက် သတိပြု ရေးသားခဲ့ပါတယ်။ မိဘများကလည်း ကလေးကို ဖတ်ခိုင်းတဲ့ အချိန်မှာ ငါးအသေ ၊ ငါးအသေး ဆိုတာလေးတွေကို ကလေးတို့ သတိပြုမိစေအောင် သတိထား ဖတ်ခိုင်းပေးစေလိုပါတယ်။

စာဖတ်အဆင့် စာအုပ်လေးတွေကို ကျွန်မ ရေးသားတဲ့ အချိန်မှာ အခန်းလေးတွေ ခွဲပြီး ရေးသားခဲ့ပါတယ်။ ပထမအခန်းမှာ ကလေး သိဖို့ လွယ်တဲ့ တစ်လုံးချင်း၊ နှစ်လုံးချင်း နာမ်တွေကို ရေးသားထားပါတယ်။ ရေ၊ လေ၊ နေ စသဖြင့်ပါ။ မေမေ၊ ဖေဖေ စတာလေးတွေ ပေါ့လေ။

အဲဒီ နေရာမှာ ပေါင်းတဲ့ စာလုံးချင်း တူပေမယ့် အဓိပ္ပာယ် မတူတဲ့ စာလုံးလေးတွေကို ကျွန်မ ထည့်ထားပါတယ်၊ ဥပမာ- ဆေးနဲ့ ဆေးပါ။ ဆေးက သောက်တဲ့ ဆေး၊ နောက် ဆေးက ပန်းကန်ဆေးတာပါ။ ဒီလို နာမ်တစ်လုံးချင်းစီနဲ့ မိတ်ဆက်ပေးလာပြီးတဲ့ နောက်မှာတော့ ဒုတိယပိုင်း၊ တတိယပိုင်း၊စတုတ္ထပိုင်းတွေမှာ စာကြောင်းလေးတွေကို တစ်ဆင့်ချင်းစီ တိုးတိုးပြီး ကလေး ဖတ်သွားနိုင်စေဖို့ ရေးသားထားပါတယ်။ စာဖတ်အဆင့်(၄) မှာတော့ ဇာတ်လမ်းပုံစံမျိုးနဲ့ ရေးသားထားတာပါ။

စာဖတ်အဆင့် စာအုပ်လေးတွေဟာ ကလေးတို့ စာဖတ်နိုင်အောင် သင်ကြားတဲ့ စာအုပ်များ မဟုတ်ပါဘူး။ သဝေထိုးရယ်၊ ဗျည်းအက္ခရာရယ် ပေါင်းတာကို သင်ကြားပြီးသူ ကလေးများ အတွက် စာဖတ်လေ့ကျင့်ဖို့ ထုတ်ထားတဲ့ စာအုပ်များပဲ ဖြစ်ပါတယ်။ ကလေးတို့ဟာ သူတို့ သိပြီး (သင်ပြီးတဲ့) ဗျည်းနဲ့ သရပေါင်း စာလုံးလေးတွေကို သူတို့ကိုယ်တိုင် ပေါင်းဖတ်ရင်းနဲ့ သားကိုယ်တိုင်၊ သမီးကိုယ်တိုင် စာဖတ်နိုင်ပြီဆိုတဲ့ ယုံကြည်ချက် တိုးပွားစေဖို့အတွက် ရည်ရွယ်ပြီး ထုတ်ထားတဲ့ စာအုပ်ပဲ ဖြစ်ပါတယ်။

ကလေးတို့ဟာ စာဖတ်အဆင့်စာအုပ်လေးတွေကို ပေါင်းဖတ်ရင်းနဲ့ပဲ စာလုံးပေါင်းလေးတွေကိုလည်း သတိထားမိသွားစေမှာပါ။ စာဖတ်ခါစ ကလေးတွေဟာ စာကို အများကြီး မဖတ်နိုင် (မဖတ်ချင်) သေးပါဘူး။ ကလေးနဲ့ ပုံ၊ ပုံနဲ့ ကလေးဟာ ခွဲမရတဲ့ အရာပါ။ ပုံဟာ ကလေးတို့ စာကို နားလည်စေဖို့ အတွက် အထောက်ကူပေးတဲ့ အရာတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် စာဖတ်အဆင့် စာအုပ်လေးတွေ အတွက် ရေးတဲ့ ဒီစာအုပ်မှာ ကျမဟာ ပုံတွေကို ကလေးတို့ အတွက် အများကြီး သုံးပေးထားတာ ဖြစ်ပါတယ်။

ကလေးတို့ ပုံလေးတွေကို ကြည့်ရင်း စာဖတ်၊ စာဖတ်ရင်းနဲ့ ပုံလေးတွေ ကြည့်ပြီး စာဖတ်ရတာ မွေ့လျော်စရာ ကောင်းတယ်လို့ ခံစားလာရရင်ပဲ၊ စာဖတ်ချင်စိတ်တွေ ပေါ်လာရင်ပဲ၊ စာဖတ်ရတာ မခက်ဘူး လွယ်တယ်လို့ ထင်လာရင်ပဲ ဒီစာအုပ်လေးတွေကို ကျွန်မ ပြုစုရကျိုးနပ်ပါပြီလို့သာ ဆိုချင်ပါတော့တယ်။

" ကလေးများ ပျော်ရွှင်စွာနဲ့ စာအမြန်ဖတ်နိုင်ကြပါစေ "

■

ခေတ်ဘုန်းသစ်